**မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့**

**နေ့စဉ်ဈေးကွက်သတင်းလွှာ**

**March 11 , 2026** **Volume 100 , Number 7**

**၁၁. ၃. .၂၀၂၆**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၄၃၇.၃၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၄၉.၂၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၈၁၆.၈၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၅၀၂.၇၆ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၂.၈၂ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၂.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | = ၅၃၆.၀၆ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၆.၂၇ ကျပ် |

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ပြည်ပပို့ကုန်အချို့ဈေးနှုန်းကျဆင်းလာခြင်း(၃-၃-၂၀၂၆ မှ ၈-၃-၂၀၂၆ အထိ)




နိုင်ငံတကာ ကုန်သွယ်ရေးလုပ်ငန်းများတွင် လောင်စာဆီ အကြပ်အတည်းအပေါ် စိုးရိမ်မှုများရှိနေချိန်တွင်အိန္ဒိယဈေးကွက်သို့အဓိကတင်ပို့နေသည့် မြန်မာ့လယ်ယာပို့ကုန် အချို့ ဈေးနှုန်းကျဆင်းလာသည်။

အခြားတစ်ဖက်တွင်မူ တရုတ်ဈေးကွက်ဝယ်လိုအားမျှော်လင့်ချက်ရှိနေသည့် ပို့ကုန်များနှင့် ပြည်တွင်းစားဖိုဆောင်သီးနှံများမှာ ဈေးနှုန်းမြင့်တက်လာသည်ကို တွေ့ရသည်။

**ဈေးနှုန်းကျဆင်းနေသော မတ်ပဲနှင့် ပဲစင်းငုံ**

အိန္ဒိယနိုင်ငံတွင် လောင်စာဆီအခက်အခဲနှင့်အတူမတ်ပဲဈေးနှုန်းများ ကျဆင်းနေသည်။ယခုရက်သတ္တပတ်အတွင်း အိန္ဒိယဈေးကွက်ရှိ မြန်မာမတ်ပဲ CNF (Cost and Freight)ဈေးနှုန်းမှာတစ်တန်လျှင်အမေရိကန်ဒေါ်လာ၁၅ ဒေါ်လာခန့်ကျဆင်းသွားသည်။

မြန်မာမတ်ပဲ FAQ (2026 Crop) တစ်တန်လျှင် ဒေါ်လာ ၈၅၅ မှ ၈၄၀ သို့ လည်းကောင်း၊ မတ်ပဲ SQ (2025 Crop) တစ်တန်လျှင် ဒေါ်လာ ၉၅၅ မှ ၉၄၀ သို့ လည်းကောင်း အသီးသီး ပြောင်းလဲသွားသည်။

အိန္ဒိယတွင် ဈေးကျဆင်းမှုကြောင့် မြန်မာ့ပြည်တွင်းဈေးကွက်တွင်လည်း မတ်ပဲဈေး လိုက်ပါကျဆင်းခဲ့သော်လည်း ပြည်ပသို့ ရောင်းချသည့် FOB ဈေးနှုန်းမှာမူ အနည်းငယ် ပြန်မာလာသည်။

ယခုရက်သတ္တပတ် မြန်မာ့ FOB ဈေးနှုန်းအရ မတ်ပဲ FAQ တစ်တန်လျှင် ဒေါ်လာ ၇၉၅–၈၀၅ မှ ၈၀၀–၈၁၀ သို့လည်းကောင်း၊ မတ်ပဲ SQ တစ်တန်လျှင် ဒေါ်လာ ၈၉၅–၉၀၅ မှ ၉၀၀–၉၁၀ သို့လည်းကောင်း ပြောင်းလဲခဲ့သည်။

သို့သော် ပြည်တွင်းဈေးနှုန်းမှာမူ မတ်ပဲတစ်တန်လျှင် ကျပ် ၄၀,၀၀၀ ကျော် ကျဆင်း

သွားသည်။

ရန်ကုန်ဈေးကွက်တွင် မတ်ပဲ (2025 Crop) FAQ တစ်တန်လျှင် ကျပ် ၃,၀၁၄,၀၀၀ မှ ၂,၉၅၂,၀၀၀ သို့လည်းကောင်း၊ မတ်ပဲ (2026 Crop) FAQ တစ်တန်လျှင် ကျပ် ၃,၀၂၄,၀၀၀ မှ ၂,၉၆၂,၀၀၀ သို့လည်းကောင်း၊ မတ်ပဲ (2025 Crop) SQ တစ်တန်လျှင် ကျပ် ၃,၃၄၄,၀၀၀ မှ ၃,၂၇၂,၀၀၀ သို့လည်းကောင်း၊ မတ်ပဲ (2026 Crop) SQ တစ်တန်လျှင် ကျပ် ၃,၃၅၄,၀၀၀ မှ ၃,၂၇၅,၀၀၀ သို့လည်းကောင်း အသီးသီး ဈေးနှုန်းပြောင်းလဲခဲ့သည်။

အလားတူ ပဲစင်းငုံမှာလည်း အိန္ဒိယဈေးကွက်အတွင်း အခြားနိုင်ငံများနှင့် ယှဉ်ပြိုင်နေရသဖြင့် ယခုရက်သတ္တပတ်တွင် ဈေးနှုန်းဆက်လက် ကျဆင်းနေသည်။ ပဲစင်းငုံ၏ FOB ဈေးနှုန်းမှာ ပဲစင်းငုံ (နီ) (2025–26 Crop) တစ်တန်လျှင် ဒေါ်လာ ၈၄၀/၈၅၀ မှ ၈၃၀/၈၄၀ သို့ ပြောင်းလဲသွားပြီး၊ ပဲစင်းငုံ (2024–25 Crop) မှာ တစ်တန်လျှင် ဒေါ်လာ ၈၁၀/၈၂၀ ဖြင့် ဈေးငြိမ်နေသည်။ ပြည်တွင်းဈေးကွက်တွင် ပဲစင်းငုံ (နီ) 2026 Crop မှာ တစ်တန်လျှင် ကျပ် ၆၀,၀၀၀ ကျော် ဈေးကျခဲ့ပြီး ရန်ကုန် ဘုရင့်နောင်ဈေးကွက်၌ ကျပ် ၃,၁၄၅,၀၀၀ မှ ၃,၀၈၂,၀၀၀ သို့လည်းကောင်း၊ မန္တလေးဈေးကွက်၌ ကျပ် ၂,၉၇၀,၀၀၀ ကျော်မှ ၂,၉၀၀,၀၀၀ ကျော်သို့လည်းကောင်း ပြောင်းလဲသွားသည်။

**ပဲတီစိမ်းနှင့် ပဲကြီး ဈေးနှုန်းမြင့်တက်လာ**

တောင်သူများ မျှော်လင့်ထားသည့်အတိုင်း မတ်လအတွင်း ပဲတီစိမ်းဈေးနှုန်းမှာ အတက်ဘက်သို့ ဦးတည်လာသည်။ အသစ်ပေါ်ချိန်တွင် ဈေးကျဆင်းမှု ကြုံခဲ့ရသော်လည်း တောင်သူများနှင့် ဝယ်ယူရင်းနှီးမြှုပ်နှံသူများအကြား ဈေးထိန်းညှိမှုများကြောင့် ဈေးနှုန်းပြန်လည် မြင့်တက်လာခြင်းဖြစ်သည်။

ရန်ကုန်ဘုရင့်နောင်ဈေးကွက်တွင် ပြည်တွင်းပဲတီစိမ်းဈေးအနည်းငယ်တက်လာသော်လည်း FOB ဈေးမှာမူ ပဲတီစိမ်း (အညာ) FAQ ဒေါ်လာ ၈၄၀–၈၅၀ နှင့် ပဲတီစိမ်း (ရွှေဝါ) FAQ ဒေါ်လာ ၉၃၀–၉၅၀ ဖြင့် ဈေးငြိမ်နေသည်။ ပြည်တွင်းဈေးနှုန်းမှာ ပဲတီစိမ်း (အညာ) တစ်ပိဿာလျှင် ကျပ် ၄,၈၃၀/၄,၈၄၀ နှင့် ပဲတီစိမ်း (ခရမ်း၊ ပဲခူး) ရွှေဝါ တစ်ပိဿာလျှင် ကျပ် ၅,၅၀၀ အထိ ရှိလာသည်။

ပဲကြီးမှာမူ ပြည်တွင်းစိုက်ပျိုးမှု လျော့နည်းခြင်းနှင့်အထွက်နှုန်း အားပျော့ခြင်းတို့ကြောင့် ဈေးနှုန်းမြင့်တက်နေသည်။ ရန်ကုန်ဈေးကွက်တွင် ပဲကြီး၏ FOB ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၁၂၀၅–၁၂၁၅ မှ ၁၁၇၅–၁၁၈၅ သို့ ကျဆင်း သွား သော်လည်း ပြည်တွင်းဈေးမှာမူ သိသိသာသာ မြင့်တက်ခဲ့သည်။

ပဲကြီး (ကုန်း) 2025 Crop တစ်ပိဿာလျှင် ကျပ် ၆,၇၈၀–၆,၉၆၀ နှင့် ပဲကြီး (ရွှေကျွန်း) တစ်ပိဿာလျှင် ကျပ် ၇,၅၂၀–၇,၇၀၀ အထိ ရှိလာသည်။ မန္တလေးဈေးကွက်တွင်လည်း ပဲကြီးအမျိုးအစားအလိုက် တစ်တန်လျှင် ကျပ် ၈ သိန်းမှ ၁၀ သိန်း နီးပါးအထိ ဈေးနှုန်းမြင့်တက်သွားသည်။

**စားဖိုဆောင်သီးနှံများ ဈေးနှုန်းမြင့်တက်**

ယခုရက်သတ္တပတ် ရန်ကုန်ဈေးကွက်တွင် ကြက်သွန်နီ ဈေးနှုန်းမှာ ဝယ်လိုအား ရုတ်တရက် မြင့်တက်လာခြင်းကြောင့် ၂ ဆခန့်အထိ မြင့်တက်လာသည်။နေ့စဉ်ပိဿာချိန် နှစ်သိန်းမှ သုံးသိန်းအတွင်းဝင်ရောက်မှုရှိသော်လည်းဝယ်လိုအားက ပိုမိုများပြားနေသည်။

ကြက်သွန်နီ (မြစ်သား) 2026 Crop ၏ ပြည်ပတင်ပို့သည့် FOB ဈေးနှုန်းမှာ တစ်တန်လျှင် ဒေါ်လာ ၃၇၅ မှ ၄၂၀ ကြားသာရှိသော်လည်းပြည်တွင်းလက်ကားဈေးမှာ ဆိတ်ဖြူ (ရှယ်) တစ်ပိဿာလျှင် ကျပ် ၁,၉၀၀ နှင့် မြစ်သား (ရှယ်) တစ်ပိဿာလျှင် ကျပ် ၃,၀၀၀ အထိ မြင့်တက်သွားသည်။

ကြက်သွန်ဖြူမှာလည်း ပြည်တွင်းဝယ်လိုအားကြောင့် ဈေးတက်လာပြီး ရန်ကုန်လက်ကား ဈေးကွက်၌ ကြူကုတ် (ရှယ်) တစ်ပိဿာလျှင် ကျပ် ၁၀,၈၀၀ မှ ၁၄,၀၀၀ ထိလည်းကောင်း၊ အောင်ပန်းထူး–၂/၃/၄ အမျိုးအစားများမှာ ကျပ် ၅,၀၀၀ မှ ၈,၀၀၀ ကြားသို့လည်းကောင်း မြင့်တက်ခဲ့သည်။ ထို့ပြင် အာလူး ဈေးနှုန်းမှာလည်း မြင့်တက်လာရာ ဘုရင့်နောင်ဈေးကွက်တွင်

ရှမ်းအာလူး အောင်ပန်း–A1 တစ်ပိဿာလျှင် ကျပ် ၃,၄၀၀ နှင့် အောင်ပန်း–OK တစ်ပိဿာလျှင် ကျပ် ၄,၁၀၀ အထိ ပေါက်ဈေးရှိနေသည်။

**Source : Myanma Awaba**

## ဝါးခွံဝါးဖတ်ဖြင့်ပြုလုပ်သည့် အပူခံဝါးခမောက်များ အရောင်းသွက်နေ



နွေရာသီကာလသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် ဝါးခွံဝါးဖတ်ဖြင့်ပြုလုပ်ထားသည့် အပူခံဝါးခမောက်များ ပြည်တွင်းဈေးကွက်မှာ အရောင်းသွက်နေကြောင်း နေပြည်တော်ပျဉ်းမနားရှိ ကြိမ်ထည်ဝါးထည် ပစ္စည်းအရောင်းဆိုင် အချို့ထံမှ သိရပါတယ်။

"နွေရာသီဝင်လာပြီမို့ သိသိသာသာပူလာပါပြီ။ ဒါကြောင့် ဝါးခမောက်တွေ စရောင်းနေရပြီ။ ဝါးခမောက်က အခြားဦးထုပ်တွေလိုမဟုတ်ဘူး၊ အပူဒဏ်ခံတယ်။ အဓိကကတော့ ရွာတွေက ဝယ်တာ။ ရွာသူ၊ ရွာသားတွေက လယ်ထဲယာထဲအလုပ်လုပ်ကြရင် ဝါးခမောက်ပဲ အပူဒဏ်ခံနိုင်အောင်ဆောင်းကြတာများတယ်။ အခုလို နွေရာသီရောက်တာနဲ့ ရွာတွေဘက်က တောသူတောင်သားတွေအဝယ်များပါတယ်။ မြို့ပေါ်ကလူတွေလည်း ဟိုနားဒီနားနေပူထဲသွားတဲ့အချိန်မျိုးမှာ ဆောင်းဖို့ဆိုပြီး ဝယ်ကြတာလည်းရှိပါတယ်" လို့ ကြိမ်နှင့်ဝါးထည်ပစ္စည်းရောင်းချလုပ်ကိုင်သူ တစ်ဦးက ပြောပါတယ်။

လက်ရှိဈေးကွက်အတွင်း ဝါးခမောက်ပုံစံ အလုံးနှင့်အပြန့် နှစ်မျိုးစလုံး အရောင်းအဝယ်ဖြစ်နေပြီး လက်ကား ဝယ်ဈေးမှာ ၁၅၀၀ ကျပ်မှ ၂၀၀၀ ကျပ်သာရှိပြီး လက်လီရောင်းဈေးမှာတော့ ကျပ် ၃၅၀၀ မှ ၆၀၀၀ အထိရှိကြောင်းလည်း သိရပါတယ်။

အပူခံဝါးခမောက်များကို ဝါးခွံဝါးဖတ်များဖြင့် ပြုလုပ်ထားပြီး နေပူခံသည့်အပြင် မိုးရေစိုပါခံသဖြင့် မိုးတွင်းကာလများတွင်ပါ အသုံးပြုနိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ကိုင်သူ တောင်သူများ၊ လယ်ယာလုပ်ကိုင်သူများနှင့် ကျေးလက်နေပြည်သူများက အသုံးပြုမှုများပြီး အရောင်းအဝယ်ရှိသော လူသုံးကုန်ပစ္စည်းဖြစ်ကြောင်းလည်း သိရပါတယ်။

**Source : Myanmar Future News Agency**

## ညှော်မထဆန်(ဟောင်း/သစ်)နှင့် ပေါ်ဆန်းမွှေးဆန်(ဟောင်း) ဈေးများကျဆင်းကာ ပေါ်ဆန်းမွှေးဆန်(သစ်)၊ ဆန်ကွဲ B(1,2)/ B(2,3,4)နှင့် ဖွဲနု ဈေးတည်ငြိမ်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ဆန်လက်ကျန်၊ စပါးလက်ကျန် အနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင် မူတည်၍ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ အတက်အကျ ဖြစ်ပေါ်လျက်ရှိသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့် (၄.၃.၂၀၂၆)ရက်နေ့တွင် ညှော်မထဆန်(မနောသုခ)(ဟောင်း) တစ်အိတ် ၇၀,၀၀၀ ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၅,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် (ဟောင်း) တစ်အိတ် ၁၂၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန် (သစ်) တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2) တစ်အိတ် ၄၃,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၅၀၀ ကျပ် တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

(၉.၃.၂၀၂၆)ရက်နေ့တွင် ညှော်မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ်၆၅,၀၀၀ ကျပ်၊ ညှော်မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၅၃၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၀၀,၀၀၀ ကျပ်၊ ဆန်ကွဲ

B(1,2)တစ်အိတ် ၄၃,၀၀၀ ကျပ်၊ဆန်ကွဲB(2,3,4)တစ်အိတ် ၄၀,၀၀၀ ကျပ်နှင့် ဖွဲနုတစ်အိတ် ၂၅,၅၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိသည်။

ယခုတစ်ပတ်ကာလတူနိုင်းယှဉ်ချက်အရ ညွှေ့မထဆန်(မနောသုခ)(ဟောင်း)တစ်အိတ် ၅၀၀၀ ကျပ်၊ ညွှေ့မထဆန်(မနောသုခ)(သစ်)တစ်အိတ် ၂၀၀၀ ကျပ်နှင့် ပေါ်ဆန်းမွှေးဆန်(ဟောင်း)တစ်အိတ် ၁၀,၀၀၀ ကျပ် ဈေးများကျဆင်းခဲ့ပြီး ပေါ်ဆန်းမွှေး ဆန်(သစ်)၊ဆန်ကွဲB(1,2)၊ဆန်ကွဲB(2,3,4)နှင့် ဖွဲနုတို့မှာဈေးငြိမ်လျက်ရှိနေသည်။

ညွှေ့မထဆန်(မနောသုခ) (ဟောင်း)၊ ညွှေ့မထ ဆန် (မနောသုခ)(သစ်) နှင့် ပေါ်ဆန်းမွှေးဆန်(ဟောင်း) ဈေးများကျဆင်းရခြင်းမှာ ဝယ်လိုအားနည်းခြင်းကြောင့်ဖြစ်ကြောင်း ပဲခူးကုန်စည်ဒိုင်ထံက သိရသည်။

Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး

## ကျောက်တလုံးကြီးမြို့၌ တစ်နိုင်တစ်ပိုင် စိုက်ပျိုးထားသော လီလီပန်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ရှမ်းပြည်နယ်(တောင်ပိုင်း)ကျောက်တလုံးကြီးမြို့၌ တစ်နိုင်တစ်ပိုင်စိုက်ပျိုးထားသောလီလီပန်းများယခုအခါ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

လီလီပန်းများစိုက်ပျိုးရာတွင် ပန်းမျိုးဥများ အရည်အသွေးကောင်းမွန်ပြီး လတ်ဆတ်ကာ အမြစ်များရှင်သန်ရန်လိုအပ်ကြောင်း၊ စိုက်ပျိုးမည့်စိုက်ပေါင်နှင့် စိုက်ကျင်းအနက်တို့သည် မျိုးဥပေါ်မူတည်၍ပြုလုပ်ပေးရပြီး မျိုးဥမချမီ စိုက်ပေါင်ကို နွားချေး၊ အာမိုနှင့် ဒီဆူပါ မြေသြဇာများရောစွ၍ထည့်ကာ ရေဖြင့်ခြောက်နာရီခန့်ကြိုတင်နှပ်ထားပြီးမှ မျိုးဥချရကြောင်း၊ လီလီပန်းပင်များစိုက်ပျိုးရာတွင် တွင်းအနက်အနည်းဆုံး ၆ လက်မလိုအပ်ပြီး တစ်ပင်နှင့်တစ်ပင်ကြား ၆ လက်မခြား စိုက်ပျိုးရကြောင်း၊ လီလီပန်းများသည် နေရောင်ခြည်ကြိုက်သော်လည်း အေးသောရာသီဥတုကိုနှစ်သက်သောကြောင့် အပူဒဏ်ခံနိုင်ရန် အမိုးများမိုးထားပေးရန်လိုအပ်ကြောင်း၊ စိုက်ပျိုးပြီး နှစ်ရက်လျှင်တစ်ကြိမ် ရေလောင်းပေးရကာ ပေါင်းမြက်ပေါက်ရောက်မှုအပေါ်မူတည်၍ တစ်လတစ်ကြိမ်ခန့် ပေါင်းရှင်းပေးရန်လိုအပ်ကြောင်း သိရသည်။

လီလီပန်း မျိုးကွဲပေါင်း ၁၀၀ ကျော်ရှိပြီး အရောင်အားဖြင့် အဖြူ၊ အဝါ၊ ပန်းရောင်၊ ခရမ်း၊ အနီရောင်တို့ရှိကြောင်း၊ လီလီပန်းသည် စိုက်ပျိုးပြီးရှစ်လကြာလျှင် ပန်းများခူးယူနိုင်ကြောင်း၊ ၂၀၂၅ ခုနှစ် ဩဂုတ်လတွင် အဖြူရောင် လီလီပန်းမျိုးကို စိုက်ပျိုးခဲ့ပြီး ၂၀၂၆ ခုနှစ် ဧပြီလတွင် ပန်းများစတင်ခူးယူရောင်းချနိုင်သဖြင့် မိသားစုအပိုဝင်ငွေရရှိကြောင်း လီလီပန်း စိုက်ပျိုးသူတစ်ဦးထံက သိရသည်။

**Source :** https://myawady.net.mm/

## ကြံခင်းမြို့နယ်၌ ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေ



ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် ကြံခင်းမြို့နယ်၌ ဒေသထွက်ငါးသလောက်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ်ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူတစ်ဦးထံက သိရသည်။

ကြံခင်းမြို့နယ်၌ ယခုနှစ် မတ်လပထမပတ်မှစ၍ လက်ရှိအချိန်ထိ ငါးသလောက်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်

နေကြောင်း၊ လက်ရှိ အဆိုပါငါးသလောက်များ တစ်ရက်လျှင် ပိဿာ ၄၅၀၀ အထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငါးသလောက်ကလည်း လတ်ဆတ်မှုနဲ့အရွယ်အစားပေါ်မူတည်ပြီး ဈေးအပြောင်းအလဲရှိပါတယ်။ လက်ရှိလည်း ငါးသလောက်တွေ အဝယ်လိုက်နေပါတယ်။ ဒီဘက်ကနေ တင်ပို့တဲ့ငါးသလောက် တွေကို ဒေသဈေးကွက်က ဒေသတွင်းအပြင် တခြားဒေသတွေကို ပြန်လည်တင်ပို့ရောင်းချနေပါတယ်" ဟု ၎င်းကပြောသည်။

ကြံခင်းမြို့နယ်၌ အရောင်းအဝယ်ကောင်းမွန်နေသည့် ငါးသလောက်များသည်အရွယ်အစားပေါ်မူတည်ကာ ဈေးနှုန်းအမျိုးမျိုး သတ်မှတ်ထားကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## ဆော်ဒီအာရေဗျနိုင်ငံက အင်ဒိုနီးရှားမှ ကြက်သားထုတ်ကုန်များ တင်သွင်းမှုပိတ်ပင်



ဆော်ဒီအာရေဗျနိုင်ငံ၏ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့ (SFDA) သည် အင်ဒိုနီးရှားအပါအဝင် နိုင်ငံပေါင်း ၄၀ မှ ကြက်သားနှင့် ကြက်ဥတင်သွင်းမှုများကို ၂၀၂၆ ခုနှစ် မတ်လ ၁ ရက်နေ့မှ စတင်၍ ပိတ်ပင်လိုက်ကြောင်း သိရသည်။

ယခုပိတ်ပင်မှုသည် ဟလာလ် (Halal) ကိစ္စနှင့် မသက်ဆိုင်ဘဲ ကျန်းမာရေးစစ်ဆေး ထိန်းချုပ်မှုများကိုတင်းကျပ်စေရန်နှင့် ထုတ်ကုန် အရည်အသွေးနှင့် ကျန်းမာရေးစံနှုန်းများကို လိုက်နာမှုအပေါ် မူတည်ကြောင်း သိရ သည်။

Riyadh မြို့အခြေစိုက် အင်ဒိုနီးရှားစီးပွားရေးသံမှူးဖြစ်သူ Zulvri Yenni က ယခုမူဝါဒသည် အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့ (WOAH) တွင် ကြက်တုပ်ကွေး ရောဂါကင်းစင်သည့် အခြေအနေကို ပြန်လည်အတည်ပြုနိုင်ရန် လိုအပ်ကြောင်း သတိပေးချက် တစ်ရပ်ဖြစ်သည်ဟု ပြောကြားခဲ့သည်။

ရောဂါကင်းစင်ကြောင်း အသိအမှတ်ပြုလက်မှတ်ရရှိပါက အင်ဒိုနီးရှားနိုင်ငံ၏ ကြက်သားနှင့် ကြက်ဥထုတ်ကုန်များအတွက် ဆော်ဒီဈေးကွက်ကို ပြန်လည်ဖွင့်လှစ်နိုင်မည် ဖြစ်သည်။

ထို့ပြင် SFDA အနေဖြင့် WOAH မှထုတ်ပြန်သောကမ္ဘာလုံးဆိုင်ရာ တိရစ္ဆာန်ကျန်းမာရေးအခြေအနေများ၊ အထူးသဖြင့် အန္တရာယ်ရှိသော ကြက်တုပ်ကွေးရောဂါ ပျံ့နှံ့မှုများကို အခြေခံ၍ပိတ်ပင်ထားသော နိုင်ငံများစာရင်းကို ကာလအလိုက် ပြန်လည် သုံးသပ်မည်ဟု ဆိုသည်။

ဆော်ဒီ၏ တင်ပို့မှုဝေစုကို ဆော်ဒီ၏ ပိတ်ပင်မှုစာရင်းတွင် မပါဝင်သည့် နိုင်ငံများဖြစ်သည့် ထိုင်းနှင့် စင်္ကာပူကဲ့သို့ အာဆီယံနိုင်ငံများက လွှမ်းမိုးသိမ်းပိုက်သွားခြင်း မခံရစေရန်အချက်သည် အလွန်အရေးကြီးသည်။

အင်ဒိုနီးရှားအပြင် ပိတ်ပင်ချက်တွင် ပါဝင်သော နိုင်ငံများမှာ အာဖဂန်နစ္စတန်၊ အဇာဘိုင်ဂျန်၊ ဂျာမနီ၊ အီရန်၊ ဘော့စနီးယားနှင့် ဟာဇီဂိုဗီးနား၊ ဘူဂေးရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ တိုင်ဝမ်၊ ဂျီဘူတီ၊ တောင်အာဖရိက၊ တရုတ်၊ အီရတ်၊ ဂါနာ၊ ပါလက်စတိုင်း၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ကာဇက်စတန်၊ ကင်မရွန်း၊ တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ လာအို၊ လစ်ဗျား၊ မြန်မာ၊ ယူနိုက်တက်ကင်းဒမ်း၊ အီဂျစ်၊ မက္ကဆီကို၊ မိုင်းဂိုးလီးယား၊ နေပေါ၊ နိုင်ဂါ၊ နိုင်ဂီးရီးယား၊ အိန္ဒိယ၊ ဟောင်ကောင်၊ ဂျပန်၊ ဘာကီနာဖာဆို၊ ဆူဒန်၊ ဆာဘီးယား၊ ဆလိုဗေးနီးယား၊ အိုင်ဗရီကို့စ်နှင့် မွန်တီနီဂရိုတို့ဖြစ်ကြောင်း သိရသည်။

**Source: JakartaGlobe, 3March 2026**

**(လယ်ယာထွက်ကုန်များနှင့် အမိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)**

## ထိုင်းနိုင်ငံအစိုးရအနေဖြင့် အရန်အစီအမံများပြင်ဆင်ထားသောကြောင့် နိုင်ငံအတွင်း ရက်ပေါင်း ၉၅ ရက်အတွက် ကာမိစေမည့် ဆီများရှိကြောင်း စွမ်းအင်ဝန်ကြီးက ပြောကြားခဲ့

ထိုင်းနိုင်ငံအစိုးရအနေဖြင့် အရန်အစီအမံများပြင်ဆင်ထားသောကြောင့် ရက်ပေါင်း ၉၅ အတွက် ကာမိစေမည့်ဆီများရှိသည်ဟု စွမ်းအင်ဝန်ကြီး Auttapol Rerkpiboon က ပြောကြားခဲ့ကြောင်း သိရသည်။

ဟော်မုဇ်ရေလက်ကြားပိတ်ဆို့ပြီးနောက် ထောက်ပံ့ရေးဆိုင်ရာစိုးရိမ်မှုများတိုးမြင့်လာပြီးနောက် ထိုင်းအစိုးရတွင် အရေးပေါ်အဆင့်များရှိကြောင်း၊ ထိုင်းနိုင်ငံတွင် ပို့ကုန်ဆိုင်းငံ့မှုမှသည် မြင့်မားသော အရန်လိုအပ်ချက်များနှင့် ဇီဝဒီဇယ်အလားအလာနှင့် သန့်စင်ပြီးကုန်ပစ္စည်းအစီအမံများသည် ၉၅ ရက်အတွက် ကာမိသော စက်သုံးဆီထောက်ပံ့ပေးရန်ရှိကြောင်း၊ ထိုင်းနိုင်ငံ၏ လက်ရှိရေနံအရန်ပမာဏအနေဖြင့် ယခင်က ရက် ၆၀ အတွက် ကာမိသည်ဟု ဆွေးနွေးခဲ့ကြသော်လည်း လက်တွေ့တွင် ၆၅ ရက်အတွက် လုံလောက်ပါကြောင်း၊ အရှေ့အလယ်ပိုင်းပြင်ပမှ အတည်ပြုထားသော ထောက်ပံ့မှုများဖြင့် နောက်ထပ်ရက်ပေါင်း ၃၀ အတွက် ညီမျှသောကြောင့် စုစုပေါင်း ၉၅ ရက်အထိ ထပ်တိုးထောက်ပံ့နိုင်မည်ဖြစ်ကြောင်း၊ ဧပြီလနှင့် မေလအထိ ထပ်ဆောင်းဆီများပေးပို့မှုကို အတည်ပြုနိုင်သောကြောင့် အဆိုပါကိန်းဂဏန်းများကို ပြင်ဆင်သွားမည်ဖြစ်ကြောင်း စွမ်းအင်ဝန်ကြီး Auttapol Rerkpiboon က ပြောကြားခဲ့သည်။

အစိုးရသည် အကျိုးသက်ရောက်မှုကို လျှော့ချရန်နှင့် ပြည်တွင်းထောက်ပံ့မှုအပေါ် ယုံကြည်မှုရှိစေရန် အစီအမံများဖြင့်လုပ်ဆောင်နေကြောင်း၊ ရေနံတင်ပို့မှုရပ်ဆိုင်းထားသော်လည်းထိုင်းနိုင်ငံနှင့်အပြန်အလှန်စွမ်းအင်မှီခိုနေရသည့် လာအိုနှင့် မြန်မာနိုင်ငံတို့မပါဝင်ကြောင်း၊ ပိုမိုမြင့်မားသော အရန်လိုအပ်ချက်နှင့်စပ်လျဉ်း၍ စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းသိုလှောင်မှုတိုးမြှင့်ရန်အတွက် မဖြစ်မနေလိုအပ်သော အရန်လိုအပ်ချက်ကို ၁ ရာခိုင်နှုန်းမှ ၃ ရာခိုင်နှုန်း အထိမြှင့်တင်ရန်ပြင်ဆင်နေကြောင်း၊ ဇီဝဒီဇယ်ရောစပ်မှုတိုးလာခြင်းနှင့်စပ်လျဉ်း၍ ပြတ်တောက်မှုများပြင်းထန်လာကအထူးသဖြင့် ကမ္ဘာ့ဒီဇယ်ဈေးများ တက်လာသောအခါတွင် ဇီဝဒီဇယ်ရောစပ်မှုအချိုးသည် လျင်မြန်စွာတိုးလာနိုင်ကြောင်း၊ လိုအပ်ပါက သန့်စင်ပြီး ကုန်ပစ္စည်းတင်သွင်းမှုနှင့်စပ်လျဉ်း၍ ထိုင်းနိုင်ငံသည်သန့်စင်ပြီး စက်သုံးဆီတင်သွင်းနိုင်သော်လည်း ဝန်ကြီးဌာနသည် သဘာဝပတ်ဝန်းကျင်အကြောင်းပြချက်ဖြင့်မြင့်မားသော ပြည်တွင်းစက်သုံးဆီသတ်မှတ်ချက်များကို ယာယီဖြေလျှော့ရန်လိုအပ်ကြောင်း ဝန်ကြီး က ဖြည့်စွက်ပြောကြားခဲ့သည်။

ရေနံချက်စက်ရုံများ၏ လက်ရှိထွက်ရှိမှုသည် ပြည်တွင်းစားသုံးမှုထက် ကျော်လွန်နေရာ ပို့ကုန်ဆိုင်းငံ့ထားခြင်းကြောင့်ကုန်သည်များထုတ်လုပ်မှုကို ချိန်ညှိရန် သန့်စင်စက်ရုံများလိုအပ်နိုင်ကြောင်း၊ ဒီဇယ်ဈေးနှုန်းသည် ၁၅ ရက်အတွက် တစ်လီတာ လျှင် ၂၉ ဒသမ ၉၄ ဘတ်သတ်မှတ်ထားပါကြောင်း၊ ဈေးနှုန်းများနှင့်ပတ်သက်၍ အစိုးရသည် ရေနံလောင်စာရန်ပုံငွေယန္တရားကို အသုံးပြု၍ ဒီဇယ်တစ်လီတာလျှင် ၂၉ ဒသမ၉၄ ဘတ်ဖြင့် ၁၅ ရက်ကြာထိန်းထားမည်ဖြစ်ကြောင်း၊ ဓာတ်ဆီဈေးနှုန်းများသည် အလားတူ ရန်ပုံငွေမှတစ်စိတ်တစ်ပိုင်းပံ့ပိုးမှုရရှိခဲ့ကြောင်း၊ ၁၅ ရက်တာကာလပြီးနောက် အစိုးရသည်အခြေအနေကို ပြန်လည်အကဲဖြတ်ပြီး ပဋိပက္ခများဆက်လက်ဖြစ်ပွားနေခြင်းရှိ/မရှိပေါ်မူတည်၍ နောက်ထပ်ယန္တရားများလိုအပ်နိုင်သည်ကို ထည့်သွင်းစဉ်းစားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် အမေရိကန်၊ အာဖရိကနှင့် မလေးရှားနိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာ အထောက်အပံ့များထပ်မံရှာဖွေနေကြောင်း၊ PTT သည် လာမည့်ရက်သတ္တပတ်အတွင်း အမှာစာများကို အတည်ပြုနိုင်မည်ဟု မျှော်လင့်ရပြီး စွမ်းအင်စည်းမျဉ်းစည်းကမ်းကော်မရှင်မှ ဝယ်ယူမှုကို အတည်ပြုခဲ့ကြောင်း၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရန်အတွက် အဓိကအသုံးပြုသည့် သဘာဝဓာတ်ငွေ့အတွက် ၅၀-၆၀ ရာခိုင်နှုန်းကို ပိုက်လိုင်းဖြင့် သယ်ယူကြပြီး ကျန်ပမာဏကို ကာတာမှ LNG အဖြစ် တင်သွင်းကာ လက်ရှိတွင် ပို့ဆောင်ရေးမှာ စိုးရိမ်စရာဖြစ်နေကြောင်း၊ သို့သော်လည်း လာအိုမှ ရေအားလျှပ်စစ်တင်သွင်းမှုနှင့် ထိုင်း-မလေးရှားပူးပေါင်းဖွံ့ဖြိုးတိုးတက်ရေးနယ်မြေ(JDA)မှ သဘာဝဓာတ်ငွေ့တိုးမြှင့်တင်သွင်းမှုအပါအဝင် အခြားရွေးချယ်စရာများကို အစိုးရကပြင်ဆင်

နေကြောင်း၊ ထိုင်းနိုင်ငံသည် ရေနံ၊ သဘာဝဓာတ်ငွေ့ သို့မဟုတ် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများနှင့် ရင်ဆိုင်ရမည်မဟုတ်ကြောင်း ဝန်ကြီး Auttapol က အခိုင်အမာပြောကြားခဲ့သည်။

**Source:** https://www.nationthailand.com/news/general/40063016

**(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

## STOCK EXCHANGE (11.3.2026)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 11th Mar. 2026

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,110 (Shares) | 79,231,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,500 | +1,000 | +8.70% | 11,500 | 12,500 | 11,500 | 2,102 | 24,365,500 | 33,109,694 | 413,871 |
| MTSH | 00002 | 6,400 | +100 | +1.59% | 6,300 | 6,400 | 6,300 | 5,635 | 35,881,600 | 38,929,150 | 249,147 |
| MCB | 00003 | 8,800 | +200 | +2.33% | 8,600 | 8,800 | 8,600 | 511 | 4,396,800 | 10,400,986 | 91,529 |
| FPB | 00004 | 3,600 | +100 | +2.86% | 3,500 | 3,600 | 3,500 | 3,358 | 11,865,500 | 29,664,613 | 106,793 |
| TMH | 00005 | 3,400 | +50 | +1.49% | 3,150 | 3,400 | 3,150 | 6 | 19,800 | 12,823,224 | 43,599 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,650 | 1,401 | 2,331,700 | 19,977,223 | 33,961 |
| AMATA | 00007 | 4,100 | +0 | +0.00% | 4,000 | 4,100 | 4,000 | 58 | 232,800 | 10,497,598 | 43,040 |
| MAEX | 00008 | 3,500 | +0 | +0.00% | 3,550 | 3,550 | 3,500 | 39 | 137,800 | 23,804,946 | 83,317 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 11th Mar. 2026

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 564.77 | +22.63 | +4.17% | 540.85 | 564.77 | 540.85 | 13,110 | 79,231,500 | 8 | 1,065,257 |

**Index chart**




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 11th Mar. 2026

| Trading Volume | Trading Value |
|---|---|
| 14,196 (Shares) | 85,225,500 (MMK) |

## Main Board

As of 1:00 pm, 11th Mar. 2026

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 13,110 (Shares) | 79,231,500 (MMK) |

| MYANPIX | 564.77 ▲ 22.63 |
|---|---|
| Total Volume (shares) | 13,110 |
| Total Value (MMK) | 79 mil |
| Listed Company | 8 |
| Market Cap. (MMK) | 1,065,257 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,500 | ▲ 1,000 |
| MTSH | 00002 | 6,400 | ▲ 100 |
| MCB | 00003 | 8,800 | ▲ 200 |
| FPB | 00004 | 3,600 | ▲ 100 |
| TMH | 00005 | 3,400 | ▲ 50 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,100 | ▲ 0 |
| MAEX | 00008 | 3,500 | ▲ 0 |